# ၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ (မှတ်စု)

**မူရင်းသုတ်အမည်** = အင်္ဂုတ္တရနိကာယ်၊ ဒီဃဇာဏုသုတ္တန်။

**ဟောကြားရာဒေသ** = ကောလိယတိုင်း၊ ကက္ကရပတ္တမြို့။

**မေးမြန်းလျှောက်ထားသူများ** = ကောလိယမင်းသား ဒီဃဇာဏု ဦးဆောင်သော ကက္ကရပတ္တမြို့သားများ။

⊛ ⊛ ⊛ ⊛ ⊛

**သိလိုရေးနှင့် မေးလျှောက်သော အချက်များ**

မြတ်စွာဘုရား ကောလိယတိုင်း၊ ကက္ကရပတ္တမြို့သို့ ရောက်ရှိစဉ် ကောလိယမင်းသား ဒီဃဇာဏု ဦးဆောင်သော ကက္ကရပတ္တမြို့သားများက-

"အရှင်ဘုရား၊ တပည့်တော်တို့သည်-

၁။ **ဒီဘဝမှာလည်း** မိသားစုနှင့် ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေလိုပါတယ်။

၂။ **နောင်ဘဝမှာလည်း** ကောင်းရာဘုံဘဝသို့ ရောက်လိုပါတယ်၊ ထိုကဲ့သို့ အကျိုး(သုခ)များကို ရရှိစေနိုင်သော-

အခြေအနေကောင်း အကြောင်း(ဟိတ)များ ရှိပါသလားဘုရား"ဟု မေးမြန်း လျှောက်ထားခဲ့သည်။

**မြတ်စွာဘုရား၏ ပြန်လည် ဖြေကြားချက်**

ထိုအခါ မြတ်စွာဘုရားက ဒီဃဇာဏု၏ လျှောက်ထားချက်ပေါ် မူတည်၍-

၁။ မျက်မှောက်ဘဝ မိသားစုများနှင့် ချမ်းသာသုခ ရစေရန်-

လိုက်နာကျင့်သုံးရမည့် အခြေအနေကောင်း**(ဒိဋ္ဌဓမ္မဟိတ) ၄-ချက်**

၂။ တမလွန်(သံသရာ)ဘဝများ၌ ချမ်းသာသုခ ရရှိ၍ ကောင်းရာဘုံဘဝသို့ ရောက်ရှိစေရန်-

လိုက်နာကျင့်သုံးရမည့် အခြေအနေကောင်း**(သမ္ပရာယဟိတ) ၄-ချက်**" ကို ဟောကြားပေးတော်မူခဲ့သည်။

ဤသို့ မျက်မှောက်၊ တမလွန်(သံသရာ)ဘဝများ၌ ချမ်းသာစွာ နေထိုင်ရေးအတွက် ဟောကြားပေးတော်မူခဲ့သော အခြေအနေကောင်းများအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် သံသရာဘဝများတွင် ချမ်းသာစွာ ကျင်လည်ရမည် ဖြစ်သော်လည်း- **ဘဝတိုင်း၌ ရှောင်လွှဲ၍ မရနိုင်သော (အို၊ နာ၊ သေ)ဆင်းရဲ ဒုက္ခများ တွေ့ကြုံနိုင်သောကြောင့်** မမေးလျှောက်ထားသည့်-

၃။ သံသရာမှ လွတ်ရာ၊ (အို၊ နာ၊ သေ)ဒုက္ခအားလုံး ချုပ်ငြိမ်းရာ "ထာဝရအငြိမ်းဓာတ် နိဗ္ဗာန်ချမ်းသာ"ရရှိရန်-

ကျင့်သုံးရမည့် **မဇ္ဈိမပဋိပဒါ**-တည်းဟူသော **မဂ္ဂင် ၈-ပါး (သီလ၊ သမာဓိ၊ ပညာ)ကျင့်စဉ်**တရားများကိုလည်း ဟောကြားပေးတော်မူခဲ့ပါသည်။

သို့ဖြစ်၍-

**လောက၌ ဘုရားရှင် ပွင့်ထွန်း ပေါ်လာရခြင်းမှာ** - **ဗုဒ္ဓေါ လောကေ သမုပ္ပန္နော**
လူနတ်ဗြဟ္မာ သတ္တဝါများ၏ - **ဒေဝ မနုဿာနံ**
အကျိုးစီးပွား အလို့ငှာ - **အတ္ထာယ**
အခြေအနေကောင်းများ အလို့ငှာ - **ဟိတာယ**
ချမ်းသာခြင်း အလို့ငှာ - **သုခါယ**
ဖြစ်ပါသည်။

"**အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ**"ဟု ဟောတော်မူပါသည်။

ဘုရားရှင် ဟောတော်မူအပ်သော **မြတ်ဗုဒ္ဓဒေသနာ**တရားတော်များသည်-
သတ္တဝါများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ချမ်းသာခြင်းအကျိုး များ ရရှိစေရန် လိုက်နာကျင့်သုံးရမည့် **အခြေအနေကောင်း အကြောင်းတရားများ**ပင် ဖြစ်ပါသည်။

❀ ❀ ❀ ❀ ❀

## မြတ်ဗုဒ္ဓ ဒေသနာတော်များ

၁။ **မျက်မှောက်ဘဝ၌** - "မိသားစုများနှင့် ချမ်းသာပျော်ရွှင်စွာ နေနိုင်ခြင်း၊
- ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ခြင်း"ဟူသော

**အကျိုးကောင်းများ(သုခါယ)ဖြစ်စေရေးအတွက်**-

လိုက်နာကျင့်သုံးနိုင်ရန် ဟောကြားသည့် **အခြေအနေကောင်း အကြောင်းတရား (ဟိတာယ) မြတ်ဗုဒ္ဓဒေသနာတော်များမှာ**-

(၁) အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ သုတ္တန်၌-

**မျက်မှောက်ဘဝ ချမ်းသာစွာ နေနိုင်ရေးအတွက်**-

- မရသေးသော စည်းစိမ်ဥစ္စာများ ရရှိရန်၊
- ရပြီးသော စည်းစိမ်ဥစ္စာများ တည်တံ့စေရန်၊
- တည်တံ့ပြီး စည်းစိမ်ဥစ္စာများ တိုးပွားစေရန်၊

**စီးပွားရှာသော အသိဉာဏ်မျက်စိ(စီးပွားရေးမျက်စိ)**ရှိရမည်ဟု ဟောကြားထားသည်။

(၂) ဒီဃဇာဏုသုတ္တန်

**မျက်မှောက်ဘဝ၌ ချမ်းသာသုခ ရရှိစေရန်**-

**စီးပွားရေးအသိဉာဏ်မျက်စိဖြင့်** လိုက်နာကျင့်သုံးရမည့် အခြေအနေကောင်းများ (**ဒိဋ္ဌဓမ္မဟိတ = ၄-ချက်**)

(၁) **ဥဋ္ဌာန သမ္ပဒါ = ကြိုးစားမှုနှင့် ပြည့်စုံခြင်း။**

ဒက္ခ - လုပ်ငန်း ကျွမ်းကျင်ရမည်။

အနာလသ - ဇွဲကောင်းရမည်။

ဥပါယ ဝီမံသ - နည်းပညာ ရှိရမည်။

(၂) **အာရက္ခ သမ္ပဒါ = ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း။**

- အလေ့အလွင့် မရှိစေရန်
- ရန်သူမျိုး ငါးပါးကြောင့် မပျက်စီးစေရန်

(၃) **ကလျာဏမိတ္တတာ = မိတ်ဆွေကောင်းရှိခြင်း။**

သဒ္ဓါ - ယုံကြည်မှုရှိသည့် ပုဂ္ဂိုလ်၊
သီလ - ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တ ကောင်းမွန်သည့် ပုဂ္ဂိုလ်၊
သုတ - စီးပွားရေးနှင့်ပတ်သက်၍ အကြံဉာဏ်ပေးနိုင်သည့်ပုဂ္ဂိုလ်၊
စာဂ - စွန့်လွှတ်နိုင်သည့် ပုဂ္ဂိုလ်၊
ပညာ - အသိပညာရှိသည့် ပုဂ္ဂိုလ်၊

(၄) **သမဇီဝိတာ = ဝင်ငွေ၊ ထွက်ငွေကို မျှတစွာ သုံးစွဲရမည်။**

- ရရှိလာသည့် စည်းစိမ်ဥစ္စာ၊ မိမိ၏ ဝင်ငွေ-ထွက်ငွေကို စာရင်းဇယား ခိုင်ခိုင်မာမာ ထား၍ အမြဲတမ်း မျှမျှတတ ဖြစ်စေရမည်။
- ဘတ်ဂျက်စာရင်း လိုငွေ၊ ပိုငွေတို့ကိုလည်း စီမံ ခန့်ခွဲနိုင်ရမည်။

၂။ **တမလွန်(သံသရာ)ဘဝများ၌-** "ကောင်းရာ သုဂတိဘုံဘဝများသို့ ရောက်ရှိစေရန်၊
- ဆင်းရဲဒုက္ခများ နည်းနိုင်သမျှ နည်း၍ ချမ်းချမ်းသာသာ ရှိစေရန်"ဟူသော **အကျိုးကောင်းများ(သုခါယ)ဖြစ်စေရေးအတွက်-**

လိုက်နာကျင့်သုံးရန် ဟောကြားထားသည့် **အခြေအနေကောင်း အကြောင်းတရား(ဟိတာယ)မြတ်ဗုဒ္ဓဒေသနာတော်များမှာ-**

(၁) အင်္ဂုတ္တရနိကာယ်၊ အနုသုတ္တန်၌-

**တမလွန်(သံသရာ)ဘဝများတွင် ချမ်းသာစွာ နေနိုင်ရေးအတွက်-**

- ကိုယ်ကျင့်တရား ကောင်းစေရန်၊ (သီလ)
- စိတ်ဓာတ်ဖြူစင် မြင့်မားစေရန်၊ (သမာဓိ၊ ပညာ)

အကောင်း-အဆိုး၊ အကြောင်း-အကျိုး ခွဲခြားတတ်သော **ဓမ္မအသိဉာဏ် မျက်စိ(ဓမ္မမျက်စိ)ရှိရမည်**-ဟု ဟောကြားထားသည်။

(၂) ဒီဃဇာဏုသုတ္တန်

**တမလွန်(သံသရာ)ဘဝများ၌ ကောင်းကျိုးချမ်းသာများ ရရှိစေရန်-**

**ဓမ္မအသိဉာဏ်မျက်စိဖြင့်** လိုက်နာကျင့်သုံးရမည့် အခြေအနေကောင်းများ- **(သမ္ပရာယဟိတ = ၄-ချက်)**

(၁) **သဒ္ဓါ သမ္ပဒါ** = ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံရမည်။
(ဘုရားရှင်၏ အသိဉာဏ်ကို ယုံကြည်ပြီး သွန်သင် ဆုံးမသမျှ လေးစား လိုက်နာကျင့်သုံးခြင်း။)

(၂) **သီလ သမ္ပဒါ** = ကိုယ်ကျင့်တရား ကောင်းမွန်ပြည့်စုံရမည်။

(၃) **စာဂ သမ္ပဒါ** = စွန့်လွှတ်နိုင်မှုနှင့် ပြည့်စုံရမည်။
(စည်းစိမ်ဥစ္စာ-စသည်ကို မိမိတစ်ဦးတည်း မသုံးစွဲဘဲ အများနှင့် မျှဝေ ခံစားခြင်း။)

(၄) **ပညာ သမ္ပဒါ** = အသိပညာနှင့် ပြည့်စုံရမည်။
(အကောင်း-အဆိုး၊ အကြောင်း-အကျိုး ခွဲခြား သိသော ပညာမှအစ သဘာဝတရားတို့၏ မမြဲ၊ ဆင်းရဲ၊ အစိုးမရ-ဟု သိသော ဝိပဿနာပညာမျိုးအထိ)

(၃) မင်္ဂလသုတ္တန်

**မင်္ဂလာ** = (၁) အရာရာတွင် အရှုံးမရှိ အောင်မြင်ခြင်း၊

= (၂) ကောင်းကျိုး ချမ်းသာများ ရရှိခြင်း-ဟူသော အကျိုး (သုခါယ)များ ဖြစ်ခြင်း။

**၃၈-ဖြာ** = လိုက်နာကျင့်သုံးရမည့်-

၃၈-ပါးသော အခြေအနေကောင်း (ဟိတာယ) အကြောင်းများ။

- ပေါင်းသင်းဆက်ဆံရေး
- ပညာသင်ကြားရေး
- လုပ်ငန်းလုပ်ကိုင်ရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ မိသားစုအရေး၊ ရပ်ရေး၊ ရွာရေးစသော **လောကီရေးရာများ**၊
- ဒါန၊ သီလစသော ကုသိုလ်ပြုရေးမှသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် **လောကုတ္တရာရေးရာများအထိ** ဟောကြားတော်မူခဲ့သည်။

(၄) သိင်္ဂါလောဝါဒသုတ္တန်(လူမှုဆက်ဆံရေး)

- မိဘ-သားသမီး၊ ဆရာ-တပည့်၊ ဇနီး-ခင်ပွန်း၊ အလုပ်ရှင်-အလုပ်သမား၊ ရဟန်း-ဒကာတို့ လိုက်နာရမည့် ဝတ္တရားများ(စာရိတ္တသီလ)။

(၅) အပရိဟာနိယတရား ၄-ပါး(အုပ်ချုပ်ရေး၊ နိုင်ငံရေး)

(၁) မပြတ် စည်းဝေးပါ။

(၂) ညီညီညွတ်ညွတ် စည်းဝေးပါ။

(၃) ညီညီညွတ်ညွတ် ဆုံးဖြတ်ပါ။

(၄) ဆုံးဖြတ်ချက်အတိုင်း တစ်ညီတည်း အကောင်အထည်ဖော်ပါ။

(၆) ဓမ္မပဒ (ငြိမ်းချမ်းရေး)

"ဤလောက၌-

- ရန်တို့သည် ရန်တုန့်မူခြင်းဖြင့် - ဘယ်သောအခါမျှ မပြေငြိမ်း၊
- ရန်တုန့်မမူခြင်းဖြင့်သာ - ရန်ပြေငြိမ်းကုန်၏။"
- ငြိမ်းချမ်းသောနည်းသည် မေတ္တာတရားသာ ဖြစ်သည်။

လိုက်နာပါက ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းမည် ဖြစ်သည်။

ဤသို့ဖြင့်-

မြတ်စွာဘုရားရှင်သည် မျက်မှောက်-သံသရာ၌ ချမ်းသာစွာ ကျင်လည် နိုင်ရေး **(သုခါယ)**အတွက် လိုက်နာရမည့် အခြေအနေကောင်း အကြောင်း **(ဟိတာယ)** မြတ်ဗုဒ္ဓဒေသနာများကို ဟောကြားတော်မူခဲ့ပါသည်။

ဤဟောကြားချက် ဒေသနာတော်များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ပစ္စုပ္ပန်-သံသရာဘဝများတွင် ကောင်းကျိုးချမ်းသာများ ရရှိ၍ ချမ်းသာစွာ ကျင်လည်ရမည်ဖြစ်ပါသော်လည်း ရရှိရာ ဘဝတိုင်း၌ လွဲရှောင်၍ မရနိုင်သော (အို၊ နာ၊ သေ)ဆင်းရဲဒုက္ခများကို တွေ့ကြုံနိုင်သောကြောင့် မမေးလျှောက်ထားသည်-

၃။ ◆ **သံသရာမှ လွတ်ရာ၊ (အို၊ နာ၊ သေ)ဒုက္ခအားလုံးမှ ချုပ်ငြိမ်းရာ "ထာဝရအငြိမ်းဓာတ်-နိဗ္ဗာန်ချမ်းသာ" ရရှိရန်-**
မဇ္ဈိမပဋိပဒါလမ်းစဉ်၊ မဂ္ဂင် ၈-ပါး(သီလ၊ သမာဓိ၊ ပညာ)ကျင့်စဉ်များကိုလည်းကောင်း။

◆ **သဘာဝ(ရုပ်နာမ်)တရားများကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ရန်၊ တွယ်တာမှုကို ဖယ်ရှားနိုင်ရန်-**
ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်များ ရရှိနိုင်မည့် "ဝိပဿနာကျင့်စဉ်" (မဂ္ဂင် ၅-ပါး)ကိုလည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။

## ယနေ့ ကမ္ဘာ

၁။ ပိဋကတ် ၃-သွယ်၊ နိကာယ် ၅-ရပ်၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀-တရားတော်များအပေါ် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင် အများစုက-

(၁) လောကုတ္တရာတရားချည်းသာ၊
(၂) ဘုန်းကြီးစာများ ဖြစ်သည်၊
(၃) မိမိတို့နှင့် မဆိုင်-ဟု အထင်အမြင် လွဲမှားနေကြသည်။

<u>ဖြေရှင်းချက်</u>

ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်များသည် လောကုတ္တရာ(နိဗ္ဗာန်)ကို ဦးတည်သည်မှာ မှန်သော်လည်း၊ နိဗ္ဗာန် မရခီစပ်ကြား-

(၁) **ဗျက်မောက်ဘဝ၌-** စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ နိုင်ငံရေး စသည်များကို ကိုယ်ကျင့်တရားကောင်းမွန်စွာ ဆောင်ရွက်တတ်ပြီး တည်မြဲသော ချမ်းသာသုခ ရရှိကြစေရန်-
အနုသုတ္တန်၊ ဒီဃဇာဏုသုတ္တန်၊ မင်္ဂလသုတ္တန်၊ သိင်္ဂါလောဝါဒသုတ္တန်၊ အပရိဟာနိယတရား စသည့် သုတ္တန်များကို လိုက်နာကျင့်သုံးနိုင်ရေး အတွက် ဟောကြားထားပါသည်။

(၂) **တမလွန်ဘဝများ၌လည်း-** ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပြီး ဆင်းရဲဒုက္ခများ နည်းနိုင်သမျှ နည်းပါး၍ ချမ်းချမ်းသာသာ ရှိစေရေး အတွက် ကောင်းကြောင်း ကုသိုလ်များ ပြုလုပ်တတ်စေရန်လည်း-
အနုသုတ္တန်၊ ဒီဃဇာဏုသုတ္တန်၊ မင်္ဂလသုတ္တန် စသည်တို့တွင် ဟောကြားထားပါသည်။

(၃) **သံသရာမှ လွတ်ရာ၊ (အို၊ နာ၊ သေ)ဝဋ်ဆင်းရဲများ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရရှိစေရေးအတွက်-**
မဇ္ဈိမပဋိပဒါလမ်းစဉ်၊ ဝိပဿနာကျင့်စဉ်များကိုလည်း ဟောကြားထားပါသည်။

သို့ဖြစ်ပါ၍-

မြတ်ဗုဒ္ဓ၏ ဒေသနာ၊ တရားတော်များသည် ရဟန်း၊ ရှင်၊ လူအားလုံး နှင့်သက်ဆိုင်ပြီး လောကတွင် ချမ်းသာစွာ ကျင်လည်ရေး၊ လောကမှ လွတ်မြောက်ရေးဟူသော လောကီ-လောကုတ္တရာ နှစ်ဖြာလုံး ပါဝင်ပါသည်။

၂။ ဗုဒ္ဓတရားတော်ထဲတွင် ပါဝင်သော ""သူ့အသက် မသတ်ရ၊ သူ့ဥစ္စာ မခိုးရ""စသည် ရှောင်ကြဉ်ရမည့် အချက်များကို ကြည့်၍-

""လောကမှာ ဒါတွေ ရှောင်နေလို့ စီးပွားရေးလုပ်လို့ မဖြစ်ဘူး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ပါက တိုင်းပြည် မတိုးတက်၊ မကြီးပွားနိုင်""ဟု အထင်လွဲမှားနေကြသည်။

<u>ဖြေရှင်းချက်</u>

(၁) မိမိကြောင့် သူတစ်ပါး မဆင်းရဲစေရန်-

""မလုပ်ရ""ဟု တားမြစ်ထားသည့် ရှောင်ကြည်ရမည့် ဝါရိတ္တသီလများကိုသာ အပေါ်ယံ သိမြင်နေခြင်း ဖြစ်သည်။

(၂) သူတစ်ပါး ချမ်းသာစေရန်-

""ပြုလုပ်သင့်သည်""ဟု ညွှန်ကြားထားသည့် စာရိတ္တသီလ(မိဘ-သားသမီး၊ ဆရာ-တပည့်၊ အလုပ်ရှင်-အလုပ်သမားစသူတို့၏ ဆောင်ရွက်သင့်သည့် ဝတ္တရားများ စသည့်) လူမှုဆက်ဆံရေး၊

(၃) စီးပွားရေး၊ တိုင်းပြည်တိုးတက် ကြီးပွားရန်-

အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ တရားများစွာတို့ကိုလည်း ဟောကြားထားခြင်းကြောင့် တိုင်းပြည်လည်း တိုးတက် ကြီးပွားနိုင်ပါသည်၊ စီးပွားရေးလည်း ပြုလုပ်နိုင်ပါသည်။

⊙ ⊙ ⊙ ⊙ ⊙

၃။ **""ဗုဒ္ဓဝါဒသည် ဆင်းရဲခြင်း(ဒုက္ခသစ္စာ)နှင့် ဆင်းရဲကြောင်း (သမုဒယသစ္စာ)များကိုသာ ဟောကြားထားသော ကြောင့် အဆိုးမြင်ဝါဒသာ ဖြစ်သည်""**ဟု အထင်အမြင် လွဲမှားနေကြပါသည်။

<u>ဖြေရှင်းချက်</u>

(၁) **(ပဋိသန္ဓေ၊ အို-နာ-သေ)သံသရာဝဋ်ဆင်းရဲဒုက္ခများကို ငြီးငွေ့စေရန်အတွက်သာ-** ဆင်းရဲခြင်း (ဒုက္ခသစ္စာ) နှင့် ဆင်းရဲကြောင်း (ဒုက္ခသမုဒယသစ္စာ)တို့ကို ဟောကြားခြင်း ဖြစ်သည်။

(၂) **(ပဋိသန္ဓေ၊ အို-နာ-သေ)ဒုက္ခအားလုံးနှင့် သံသရာမှ လွတ်မြောက်ရန်-**

ဘုရားရှင်တို့မှလွဲ၍ မည်သူမျှ ကိုယ်ပိုင်ဉာဏ်ဖြင့် မတွေ့မြင်ခဲ့သော၊ မည်သူမှ ထွက်ပေါက်နှင့် လမ်းစဉ်မှန်ကို မသိမြင်၊ မဟောကြားနိုင်ခဲ့သော-

- ဆင်းရဲကြောင်း(ဒုက္ခသမုဒယသစ္စာ)တွယ်တာမှု ကိလေသာများကို ပယ်သတ်ရန် ပွားများရမည့်- ""မဇ္ဈိမပဋိပဒါလမ်းစဉ်၊ မဂ္ဂင် ၈-ပါး(သီလ၊ သမာဓိ၊ ပညာမဂ္ဂင်များ)နှင့် ဝိပဿနာကျင့်စဉ်ဟူသော **ဆင်းရဲငြိမ်းကြောင်း(မဂ္ဂသစ္စာ)**။
- ဆင်းရဲခြင်း(ဒုက္ခ)နှင့် ဆင်းရဲကြောင်း(သမုဒယ)တို့ ချုပ်ငြိမ်းရာ""ထာဝရအငြိမ်းဓာတ်-နိဗ္ဗာန်""တည်း ဟူသော **ဆင်းရဲငြိမ်းခြင်း(နိရောဓသစ္စာ)**တို့ကိုပါ ပြည့်စုံစွာ ဟောကြားထားခြင်းကြောင့်-

**""ဗုဒ္ဓဝါဒသည်- အဆိုးမှ လွတ်မြောက်ရာ လမ်းမှန် ကျင့်စဉ်မှန်ကိုပါ ညွှန်ပြသောဝါဒ""သာ ဖြစ်ပါသည်။**